Permanent Mission of the Republic of the Union of Myanmar to the
United Nations Office and other International Organizations
47 Avenue Blanc, 1202 Geneva, Switzerland
Tel. (+41-22) 906-9870, 906-9871/ Fax. (+41-22) 732-8919
Email: mission@myanmargeneva.org

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆွစ်ဇာလန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း

(၂၈-၈-၂၀၂၅၊ ဂျီနီဗာမြို့)

၁။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ဖြည့်စွက်ပြီး ပုံစံ (၁၅) များကို ၂၁-၈-၂၀၂၅ ရက်မှ ၈-၉-၂၀၂၅ ရက်အတွင်း ပေးပို့နိုင်ပါကြောင်း အသိပေးထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၀/၂၀၂၅)၊ (၅၁/၂၀၂၅)၊ (၅၂/၂၀၂၅) နှင့် (၅၃/၂၀၂၅) တို့ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အတွင်းရှိ မြို့နယ် ၃၃၀ ပါဝင်သော မဲဆန္ဒနယ်များကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ ပြည်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေး ပုံစံ (၁၅) တောင်းဆိုဆောင်ရွက်ရာ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်နှင့် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် အပါအဝင် မြို့နယ် ၃၃၀ ပါဝင်သော မဲဆန္ဒနယ် အားလုံးအတွက် တောင်းဆိုရန် ဖြစ်ကြောင်း ၂၂-၈-၂၀၂၅ ရက်နေ့တွင် အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။ (အဆိုပါ ထုတ်ပြန်ချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝက်ဘ်ဆိုဒ် https://uec.gov.mm/announcement_list.php နှင့် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့၏ ဝက်ဘ်ဆိုဒ် https://www.myanmargeneva.org/category/2025-general-election/ များ၌ ဖတ်ရှုနိုင်ပါသည်။)

၃။ သို့ဖြစ်ပါ၍ ကြိုတင်ဆန္ဒမဲပေးလိုသည့် ပြည်ပရောက်မဲဆန္ဒရှင်တိုင်းသည် ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် မဲပေးနိုင်ရေး ပုံစံ (၁၅) တောင်းဆိုရာတွင် သတ်မှတ်ကာလ ၂၁-၈-၂၀၂၅ ရက်မှ ၈-၉-၂၀၂၅ ရက်အတွင်း မြို့နယ် ၃၃၀ အနက် မိမိနှင့်သက်ဆိုင်သည့် မြို့နယ်အတွက် ပုံစံ (၁၅) ဖြင့် တောင်းဆိုရန် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် အချက်အလက် ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့၏ အောက်ဖော်ပြပါ လိပ်စာသို့ လူကိုယ်တိုင်လာရောက်၍ ဖြစ်စေ၊ စာတိုက်မှတစ်ဆင့် ပေးပို့၍ ဖြစ်စေ၊ အီးမေးလ်မှတစ်ဆင့် ပေးပို့၍ ဖြစ်စေ ၂၁-၈-၂၀၂၅ ရက်မှ ၈-၉-၂၀၂၅ ရက်အတွင်း ပေးပို့နိုင်ပါကြောင်းနှင့် ပုံစံ (၁၅) များကို ပြန်လည်ပေးပို့သည့်အခါ

ဆက်သွယ်ရမည့် လိပ်စာ၊ အီးမေးလ်နှင့် ဖုန်းနံပါတ်များကိုပါ ထည့်သွင်းဖော်ပြပေးပို့ပါရန် ထပ်မံဖော်ပြအပ်ပါသည်–


**Permanent Mission of the Republic of the Union of Myanmar**

47 Avenue Blanc, 1202 Geneva, Switzerland

Email: cg.consular@myanmargeneva.org

Tel: (+41-22) 9069870 / 9069871


PERMANENT MISSION OF THE REPUBLIC OF THE UNION OF MYANMAR 064 GENEVA

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်

ပုံစံ (၁၅)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[ နည်းဥပဒေ ၈၁ (က)၊ ၈၂ (က) ]

ဥက္ကဋ္ဌ

-------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ --------------- သည် ----------------- ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် သက်ဆိုင်ရာ မြို့နယ်၏ပြင်ပသို့ ရောက်ရှိနေမည်ဖြစ်ပါသည်။ ကျွန်တော်/ ကျွန်မအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ ကျွန်မနှင့်ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ----------------------------------------------------------------------

(၂) တိုင်းရင်းသားလူမျိုး ----------------------------------------------------------------------

(၃) နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ------------------------------------------------

(၄) မွေးသက္ကရာဇ် (အသက်) ----------------------------------------------------------------

(၅) အဘအမည် ----------------------------------------------------------------------

(၆) အမိအမည် ----------------------------------------------------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ - အမှတ် ( )

---------------လမ်း/ကျေးရွာ၊ ---------------- ရပ်ကွက်/ကျေးရွာအုပ်စု၊

---------------မြို့နယ်၊ -------------------- တိုင်းဒေသကြီး/ပြည်နယ်

(၈) တောင်းဆိုသူ ယခုရောက်ရှိနေသည့် ------------------------------------------------------

ရပ်ကွက်/ကျေးရွာ၊ မြို့နယ်/ဌာန (ပြည်တွင်း) ------------------------------------------------

(၉) တောင်းဆိုသူ ယခုရောက်ရှိနေသည့် ------------------------------------------------------

ရပ်ကွက်/ကျေးရွာ၊ မြို့နယ်၊ နိုင်ငံ (ပြည်ပ)------------------------------------------------

------------------------------------------------------------------------------------------------

(နိုင်ငံအမည်နှင့် မြို့အမည်ကို မြန်မာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်)

တောင်းဆိုသူ၏လက်မှတ်

ရက်စွဲ၊ ----------------------

(*တောင်းဆိုသူ၏အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်း ဖြစ်ရမည်)